[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

**စက်တင်ဘာလ ၁၃ ရက်၊ ၂၀၂၃ ခုနှစ်**


## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ ဩဂုတ်လ ၂၈ ရက်မှ စက်တင်ဘာလ ၁၀ ရက်နေ့ထိ၊၂၀၂၃ ခုနှစ်
## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ - ဩဂုတ်လ ၂၇ ရက်၊ ၂၀၂၃ | ဩဂုတ်လ ၂၈- စက်တင်ဘာလ ၁၀ ရက် ၊၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၄၀၈ | ၃ | ၄၁၁ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၅၅ | | ၃၅၅ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၄၅၆ | ၄ | ၄၆၀ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၆၇ | | ၁၆၇ |
| | ဒီးမော့ဆိုမြို့နယ် | ၆၁၄ | ၆ | ၆၂၀ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၃၅၆ | ၂၀ | ၃၇၆ |
| | ဖရူဆိုမြို့နယ် | ၁၂၉ | | ၁၂၉ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၁၆ | | ၁၆ |
| | ဖားဆောင်းမြို့နယ် | ၃၂ | | ၃၂ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |

| | | | | |
|---|---|---|---|---|
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| **ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း** | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ ဩဂုတ်လ ၂၇ ရက်နေ့ အထိ ၂၀၂၃** | **IDPs အသစ် ဩဂုတ်လ ၂၈ ရက် – စက်တင်ဘာလ ၁၀ ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | **စုစုပေါင်း** | **၂၃၂၆၁၅** | | **၂၃၂၆၁၅** |

စကစ စစ်ဆင်ရေးများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဩဂုတ်လ(၂၈)ရက်မှ စက်တင်ဘာလ(၁၀)ရက်၊ ၂၀၂၃ခုနှစ်



**စစ်ကောင်စီ လေကြောင်း၊ လက်နက်ကြီးကြောင့် အရပ်သား ၃ ဦးသေဆုံးပြီး ၄ ဦး ထိခိုက်ဒဏ်ရာရရှိသို့သော်လည်း တော်လှန်ရေးအင်အားစုများ တိုက်ခိုက်မှုများအား မတားဆီးနိုင်ခဲ့ပေ**

လွန်ခဲ့သော နှစ်ပတ်အတွင်း စစ်ကောင်စီတပ်များမှ လွိုင်ကော်၊ ဒီးမော့ဆိုနှင့် ဖယ်ခုံမြို့နယ်တို့တွင် လေကြောင်းအပြင် လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုများကြောင့် မသန်စွမ်းအမျိုးသမီးအပါဝင် အရပ်သား ၃ ဦးသေဆုံးပြီး ၄ ဦးထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။ စက်တင်ဘာလ ၂ ရက်နေ့တွင် ကရင်နီပူးပေါင်းတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် အသေအပြောက်များပြီး စခန်းနှစ်ခုလက်လွှတ်ဆုံးရှုံးလိုက်ရသည့် စစ်ကောင်စီတပ်များသည် အရပ်သားပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်ခတ်တိုက်မှုများပြုလုပ်နေလျှက်ရှိသည်။ ထိုစခန်းနှစ်ခုသည် စစ်ကောင်စီအတွက် ဗျူဟာကျသော သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတွင် တည်ရှိပြီး ဒီးမော့ဆိုမြို့နှင့် မိုးဗြဲအား ဆက်သွယ်ထားသော လမ်းဖြစ်သည်။

ဩဂုတ်လ ၃၁ ရက်၊ နံနက် ၄ နာရီအချိန်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိပဲ စစ်ကောင်စီမှ ဒီးမော့ဆိုအနောက်ခြမ်း တစ်နေရာအား လေယာဉ်ဖြင့် ၄ ကြိမ် လာရောက်ဗုံးကြဲတိုက်ခိုက်သွားခဲ့သည်။ ဗုံးကြဲတိုက်ခိုက်မှုတွင် လူထိခိုက်သေဆုံးမှုမရှိသော်လည်း အိုးအိမ်အချို့ထိခိုက်ပျက်စီးမှု ရှိသည်။ ထို့အပြင် ဒီးမော့ဆိုအရှေ့ဘက်ခြမ်းရှိ စစ်ရှောင်စခန်းတစ်နေရာအား စစ်ကောင်စီတပ်မှ တိုက်လေယာဉ်(၂)စင်းဖြင့် မနက် (၆)နာရီကျော်ချိန်တွင် လာရောက်ဗုံးကြဲခြင်းကြောင့် အမျိုးသား (၃)ဦးထိမှန်ကာ ၁ ဦးမှာ သေဆုံးသွားခဲ့ပါသည်။ ဗုံးကြဲခြင်းကြောင့် စစ်ဘေးရှောင်နေအိမ် (၃)လုံးပျက်စီးပြီး စာသင်ကျောင်းလည်း ထိခိုက်ပျက်စီးမှု အနည်းငယ်ရှိသည်။ ထိုတရက်တည်းအတွင်း နံနက် ၁၀ နာရီအချိန် မိုးဗြဲအခြေစိုက်စစ်ကောင်စီတပ်မှ လွိုင်ကော်မြို့နယ်၊ ဆော်ခီးဒေါ ကျေးရွာထဲ စစ်ကောင်စီတပ်မှ လက်နက်ကြီး ရမ်းသန်းပစ်ခတ်မှုကြောင့် အရပ်သား ၂ ဦးသေဆုံးပြီး တစ်ဦး ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။ သေဆုံးသူသည် အသက် ၄၀ အရွယ်ရှိ အမျိုးသားတစ်ဦးနှင့် အသက် ၃၈ နှစ်အရွယ်ရှိ မသန်စွမ်းအမျိုးသမီးတစ်ဦးတို့ဖြစ်သည်။ သည့်အပြင် ဖယ်ခုံမြို့နယ်၊ ခေါင်းအိကျေးရွာတွင် နယ်မြေရှင်းလင်းရေးလုပ်ဆောင်နေသော ရှမ်းတောင်ဒရုန်းတပ်ဖွဲ့ (SSDF) မှ ဒေသခံပြည်သူများ၏ နေအိမ် ၂၀ လုံးဝန်းကျင်အား စစ်ကောင်စီတပ်များမှ ဖျက်စီးသွားခဲ့သည်ဟု ထုတ်ပြန်ထားသည်။

စက်တင်ဘာလ ၂ ရက်၊ ဒီးမော့ဆိုမြို့နယ်၊ သေးဆူလဲနှင့် ပူဖားကျေးရွာတို့တွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်ကို ကာကွယ်ရေးပူးပေါင်းတပ်များဖြစ်သည့် KA, KNPLF, DMO Local PDF, KNDF တို့မှ နံနက် (၅) နာရီအချိန်တွင် ဝင်ရောက်စီးနှင်းတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင် (၃၀)ကျော် သေဆုံးခဲ့ရပြီး ဒဏ်ရာရရှိသူ အများအပြားလည်းရှိခဲ့သလို ထွက်ပြေးသွားသူများလည်း ရှိခဲ့ပါသည်။ ပူးပေါင်းတပ်ဖွဲ့များ ဘက်မှလည်း ထိခိုက်ကျဆုံးမှုများ ရှိခဲ့ပါသည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်၏ လက်နက်ခဲယမ်း အမြောက်အများကိုလည်း သိမ်းဆည်းရမိခဲ့ပါသည်။ ထို့အပြင် ဒီးမော့ဆိုမြို့နယ် ကုန်သားကျေးရွာအတွင်းတွင် တပ်စွဲထားသော စစ်ကောင်စီတပ်စခန်း တစ်ခုအား KRU၊ DMO PDF တပ်ရင်း(၄)နှင့် KNDFတပ်ရင်း (၁) တို့မှ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။



စကစ လက်နက်ကြီးကြောင့် အရပ်သားများသေဆုံး၊ လွိုင်ကော်မြို့နယ်



ဒီးမော့ဆိုမြို့နယ်အတွင်း စကစမှ ကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်

စက်တင်ဘာလ ၈ ရက်၊ နေ့လည် ၁ နာရီအချိန်၊ ဖယ်ခုံမြို့နယ်ရှိ ဆောင်းဖွေးစစ်ဘေးရှောင်စခန်း အနီး စစ်ကောင်စီတပ်မှ တိုက်လေယာဉ်ဖြင့် ပေါင်အလေးချိန် ၅၀၀ ရှိ ဗုံးတစ်လုံးအပါင်အဝင် ဗုံး(၃)လုံး ကြဲသွားသွားခဲ့သည်။ ဗုံးကြဲတိုက်ခိုက်မှုကြောင့် နေအိမ် ထိခိုက်မှုအနည်းငယ်ရှိပြီး အမျိုးသမီးတစ်ဦး၏လက်တွင် ဒဏ်ရာအနည်းငယ် ရရှိခဲ့ပါသည်။ ဖရူဆို- ဘောလခဲ လမ်းမကြီးတစ်လျှောက်တွင် စစ်ကောင်စီတပ်မှ စစ်အင်အားဖြည့်တင်းပြီး စစ်ကြောင်းထိုးလာမှုများကြောင့် အဆိုပါလမ်းမကြီးအား စက်တင်ဘာလ (၈)ရက်နေ့မှ စပြီး ဖြတ်သန်းသွားလာခြင်းမပြုရန် KNDF မှ သတင်းထုတ်ပြန်ထားပါသည်။

ပြီးခဲ့သည့်ဇွန်လတွင် ဖြစ်ပွားခဲ့သော ကရင်နီပူးပေါင်းတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ်များ၏ တိုက်ပွဲများကြောင့် ထိုင်းနိုင်ငံ ဆောင်ပောကျေးရွာတွင် ထွက်ပြေး ခိုလှုံလာသော ကရင်နီစစ်ဘေးရှောင်များသည် စက်တင်ဘာလ အစောပိုင်းမှပြီး စက်တင်ဘာလ ၁၀ ရက်နေ့အထိ လူဦးရေ ၆၀၀ ဦးတို့သည် ကရင်နီပြည်နယ် မယ်စဲ့မြို့နယ်အတွင်းသို့ ပြန်လည်ကာနေထိုင်ခဲ့ကြသည်။

**Contact persons:**
Khu Ko Reh Tel: +66 6 5329 7814

Khu Ruby Tel: +66 6 24251608
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com